# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# တတိယအကြိမ် အမျိုးသားလွှတ်တော်
# ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့
# ပထမနေ့ အစည်းအဝေး အကျဉ်းချုပ်
# ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
# (၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)
# [ တနင်္လာနေ့ ]

၁။ တတိယအကြိမ် အမျိုးသားလွှတ်တော် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နံနက် ၁၀:၀၀ နာရီ အချိန်တွင် စတင်ကျင်းပပါသည်။

## အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ခြင်း

၂။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ၏ တင်ပြချက်အရ ပျက်ကွက်သူမရှိသည့်အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစုအဖွဲ့ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

## ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို တင်ပြခြင်း

၃။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်း အမည်စာရင်းအဆိုပြုတင်သွင်းလွှာ တင်သွင်းရာမှာ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းနီနီအေး ကို ပဲခူးတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂) ဦးလှသိန်း က အဆိုတင်သွင်းပြီး ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဦးရှားရယ် က ထောက်ခံပါသည်။ ကချင် ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂) ဒေါက်တာ ဦးမနာမ်တူးဂျာ ကို တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဦးသန်းအေး (ခ) ဦးတင်ဦး က အဆို တင်သွင်းပြီး မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်

အမှတ်(၁) ဦးစောသွင် နှင့် မွန်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဦးရဲထွဋ်အောင် တို့က ထောက်ခံပါသည်။

၄။ ဒုတိယသမ္မတလောင်း အမည်စာရင်းတင်သွင်းခံရသူများအဖြစ် ဒေါ်နန်းနီနီအေး ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) နှင့် ဒေါက်တာ ဦးမနာမ်တူးဂျာ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂) တို့ဖြစ်ပါကြောင်း အက္ခရာစဉ်အလိုက် ကြေညာပါသည်။

**နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့ဝင်တစ်ဦးရွေးချယ်ခြင်း**

၅။ ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂) ဦးလှသိန်း ကို နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာပါသည်။

၆။ အစည်းအဝေးကို ၁၀:၂၂ နာရီ အချိန်တွင် ရပ်နားပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းဝေး ဒုတိယနေ့ကို ၃၁-၃-၂၀၂၆ ရက်နေ့ (အင်္ဂါနေ့) နံနက် ၁၀:၀၀ အချိန်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**